ကုန်းသာကျေးရွာ
ရွာတော်ကျေးရွာအုပ်စု၊ရွှေဘိုမြို့နယ်
စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကုန်းသာကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရွှေဘိုမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

စက်တင်ဘာလ၊ ၂၀၂၁

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား
၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ
၃။ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ
၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ
၅။ မွေးမြူရေး
၆။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ
၇။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး
၈။ ပညာရေး
၉။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး
၁၀။ လူငယ်ဖွံ့ဖြိုးရေး
၁၁။ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ
၁၂။ ကုန်းသာကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား
၁၃။ ကုန်းသာကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

ကုန်းသာကျေးရွာ

၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

ကုန်းသာကျေးရွာသည် ရွှေဘိုမြို့၏ အနောက်ဘက် (၇)မိုင်အကွာတွင် တည်ရှိပြီး ရွာ၏ အကျယ်အဝန်းမှာ (၃၁.၅၅)ဧကခန့် ကျယ်ဝန်းပါသည်။ မြောက်အရပ်မှ တောင်အရပ်သို့ စီးဆင်းနေသော ရွှေဘို-ကာဘိုး မြောင်းမကြီး၏ မြောင်းခွဲလက်တံ (၆)သည် ရွှေဘို-ကာဘိုး မူးမြောင်းကြီးမှ ပေ(၂၀၀၀) အကွာအဝေး၌ရှိသော ကုန်းသာရွာအား ဖြတ်ကျော်ကာ အရှေ့အရပ်မှ အနောက်အရပ်သို့ စီးဆင်းသွား ပါသည်။ ရွာ၏ တောင်ဘက်တွင် စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် ဘုရားစေတီများ ရှိပါသည်။ ရွာ၏ အရှေ့ဘက်၊ အနောက်ဘက်နှင့် မြောက်ဘက်တို့တွင် လယ်ကွင်းများ ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကုန်းသာကျေးရွာ၏ ရာသီဥတုသည် ပူပြင်းသောကြောင့် မန်ကျည်း၊ ထနောင်း၊ တမာ၊ ကုက္ကိုနှင့် ဘောစကိုင်းပင်များ ပေါက်ရောက်ကြပါသည်။ ယူကလစ်ပင်များလည်း ဖြစ်ထွန်းပေါက်ရောက်ကြပါသည်။ မိုးရာသီတွင် အဓိကအားဖြင့် ဘေးကြားစပါး(ရွှေဘိုပေါ်ဆန်း)ကို စိုက်ပျိုးရန် စုပေါင်းစိုက်ဧက(၃၆၆.၆၈)ဧကခန့် ရှိပါသည်။ နွေရာသီတွင် ရွှေဝါထွန်းနှင့် ဘီဂျီစပါးမျိုးများ စိုက်ကြပါသည်။ ယခုနှစ်တွင်မူ သဖန်းဆိပ်ရေလှောင်တမံအား အမှီပြုနေရသော ကျွန်တော်တို့ရွာသည် ဆည်ရေ လုံလောက်မှုမရှိသဖြင့် နွေစပါးစိုက်ပျိုးနိုင်ခြင်း မရှိပါ။ သဘာဝ ဆေးဖက်ဝင်အပင် မျိုးစိတ်များ အသင့် အတင့်သာရှိပြီး ရေပြတ်ချိန်များ၌ လက်တံ(၆)မူးမြောင်း အတွင်းမှ တည်ဆောက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ အသုံးဝင်သော သဲကို အလွယ်တကူ ရရှိနိုင်ပါသည်။ ကုန်းသာရွာအတွင်း၌ ရှားပါးတိရိစ္ဆာန်များ တွေ့ရှိရန် ခက်ခဲပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကုန်းသာရွာတွင် ရပ်မိရပ်ဖအဖွဲ့အစည်း၊ လျှပ်စစ်မီးကော်မတီအဖွဲ့၊ ဂေါပကအဖွဲ့၊ ဓမ္မစကူးကဲ့သို့သော ဘာသာရေးဆိုင်ရာ ယဉ်ကျေးလိမ္မာအဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့များ၊ ကျေးလက်

ဆေးပေးခန်းကော်မတီအဖွဲ့အစည်းများနှင့် စာသင်ကျောင်းအကျိုးတော်ဆောင်ကော်မတီ အဖွဲ့အစည်းများ ရှိကြပါသည်။ ကျေးရွာ၏ သာရေး/နာရေးကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် လူမှုကူညီရေးအဖွဲ့ လည်းရှိပြီး ကျေးရွာ၏ နာရေးကိစ္စများပေါ်ပေါက်လာပါက ရွှေဘိုမြို့ရှိ အောင်ဇေယျာလူမှုကူညီရေး အသင်းနှင့် ချိတ်ဆက်၍ ဆောင်ရွက်ကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကုန်းသာကျေးရွာ၏ အဓိက အလုပ်အကိုင်မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ကုန်းသာကျေးရွာအတွင်းရှိ အချို့သော မိသားစုများမှာ နွားမွေးမြူခြင်း၊ ဘဲမွေးမြူခြင်းနှင့် ဥစားငုံးမွေးမြူကြသူများလည်း ရှိပါသည်။ ကျေးရွာရှိ အမျိုးသမီးများမှာ ယက္ကန်းယက်ခြင်းအလုပ်ကို အများစု လုပ်ကိုင်ကြပါသည်။ စက်ချုပ်သူ အမျိုးသမီးများ ရှိသက့ဲသို့ အမျိုးသားအနည်းငယ်မှာလည်း စက်ချုပ်လုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ ပန်းရံ၊ လက်သမား လုပ်ကိုင်သူများလည်း တွေ့ရှိရပါသည်။

ကုန်းသာကျေးရွာတွင် အိမ်ထောင်စု(၁၄၃)စုရှိပြီး အမျိုးသား (၃၀၇)ဦး၊ အမျိုးသမီး (၃၇၁)ဦးရှိ ကာ လူဦးရေစုစုပေါင်း (၆၇၈)ဦး ရှိပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင် သူမှာ (၉၃)ဦးသာ ရှိပါသည်။ တောင်သူလယ်သမားများသည် နွေစပါးကို မတ်လမှ ဧန်လအထိ စိုက်ပျိုးကြပြီး ဇူလိုင်လ တွင် ရိတ်သိမ်းကြပါသည်။ မိုးစပါးကို ဩဂုတ်လမှ စက်တင်ဘာလအထိ စိုက်ပျိုးကြပြီး ဒီဇင်ဘာလတွင် ရိတ်သိမ်းကြပါသည်။ ယခုနှစ်တွင်မူ မိုးနည်း၍ ပိုးမွှားကျရောက်မှုကြောင့် တစ်ဧကလျှင် ပျမ်းမျှ (၆၀)တင်းခန့်သာ ထွက်ရှိပြီး အမြတ်ငွေ အသင့်အတင့်သာ ရရှိကြပါသည်။ စပါးရိတ်သိမ်းရာတွင် ရိတ်စက်များ အသုံးပြုကြရပြီး တစ်ဧကလျှင် ရိတ်ခနှုန်းမှာ (၄၀၀၀၀)ကျပ်မှ (၅၀၀၀၀)ကျပ် ကြား သယ်ယူပို့ဆောင်ရ နီးလျှင် နီသလို ဝေးလျှင် ဝေးသလို တန်ဖိုးကွာခြားပါသည်။ ကောက်စိုက်၊ ပျိုးနှုတ် ရာသီတွင် နေ့စားလုပ်အားခအဖြစ် အမျိုးသား (၈၀၀၀)ကျပ်၊ အမျိုးသမီး (၆၀၀၀)ကျပ်ရရှိကြပြီး အမျိုးသားနှင့် အမျိုသမီး လုပ်အားခ တန်းတူ မရရှိကြပါ။

ကုန်းသာကျေးရွာ၏ အဓိကထွက်ကုန်ဖြစ်သော ဆန်စပါးကို ရွှေဘိုမြို့သို့ သွားရောက်၍ ရောင်းချသူ များပါသည်။ ငွေကြေးတတ်နိုင်သော ကုန်းသာရွာအတွင်းရှိ အချို့တောင်သူများမှာ စပါးပေါ်ချိန်၌ ဈေးပေါသောကြောင့် မရောင်းချဘဲ လှောင်ထားပြီး စပါးဈေးတတ်သော အချိန်၌ ထုတ်၍ ရောင်းချကြပါသည်။ နွေစပါးမှာ ပေါ်ချိန်၌ (၅)သိန်း၊ (၆)သိန်းခန့်သာ ရှိသော်လည်း (၈)လမှ (၁၀)လ ကြား လှောင်ထားနိုင်လျှင် (၈သိန်းခွဲ ကိုးသိန်းခန့်) အထိ ဈေးရရှိကြပါသည်။ နွေ(ရွှေဝါထွန်း)စပါး မျိုးကိုသာ ဝါခေါင်လမှစတင်၍ တပေါင်း၊ တန်ခူးလအထိ လှောင်ထားနိုင်ပါက စပါး တင်း(၁၀၀)လျှင် အမြတ်ငွေ (၂)သိန်းမှ (၃)သိန်းအထိ ရရှိနိုင်ပါသည်။ မိုးစပါးဖြစ်သော ဘေးကြား(ရွှေဘိုပေါ်ဆန်း)ကို လည်း လှောင်ထားနိုင်ပါက အမြတ်ငွေ ရရှိနိုင်ပါသည်။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(က) **ကျေးလက်သယ်ယူပို့ဆောင်ရေး**

ကုန်းသာကျေးရွာ၏ အဓိကထွက်ကုန်များ သယ်ယူပို့ဆောင်ရာတွင် ကားနှင့် ထော်လာကျီများ ကို အများဆုံး အသုံးပြုကြပါသည်။ ရွာအဝင်လမ်း၊ ရွာချင်းဆက်လမ်းများနှင့် ရွာအတွင်းရှိ လမ်းမကြီး (၂)ခုတို့မှာ မြေသားလမ်းများဖြစ်သောကြောင့် နွေရာသီတွင် သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေး အဆင်ပြေပါသည်။ ကုန်းသာကျေးရွာ၏ လမ်းမများသည် မိုးရာသီ ရောက်သောအခါ မြေလမ်းများ ဖြစ်သောကြောင့် ရွှံ့ဗွက်များထ၍ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စများနှင့် ကျေးရွာ၏ ထွက်ကုန် သီးနှံများ သယ်ယူပို့ဆောင်ခြင်းများအတွက် သွားလာရေးမှာ အဆင်မပြေမှုများ ကြုံတွေ့ရပါသည်။

(ခ) **ကျေးရွာမီးလင်းရေး**

ကုန်းသာကျေးရွာတွင် လျှပ်စစ်မါတ်အား သုံးစွဲသူ (၈၁)အိမ်ထောင်စုရှိပြီး ရေအားလျှပ်စစ် သုံးစွဲသူ (၅၉)စုနှင့် ဆိုလာသုံးစွဲသူ (၃)စု ရှိပါသည်။

(ဂ) **သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာ၏ ဆက်သွယ်ရေးအတွက် တယ်လီဖုန်း များကိုသာ အသုံးပြုကြပြီး ဖုန်းအလုံးရေ (၂၈၀)လုံး ရှိပါသည်။ ကုန်းသာကျေးရွာတွင် ရာသီဥတုအခြေအနေနှင့် အခြား သတင်းအချက် အလက်များ ကျန်းမာရေးဗဟုသုတ ရရှိစေရန် TV စလောင်းများကို အသုံးပြုကြပြီး စုစုပေါင်း TV စလောင်း အရေအတွက် (၈၈)ခု ရှိပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု**

စိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးငွေကို စိုက်ဘဏ်မှ ချေးယူပါသည်။ ငွေထုတ်ချေးရာတွင် (၁)ဧက (၁၅၀၀၀၀)ကျပ်နှုန်း ထုတ်ပေးပြီး ဘဏ်၏ အတိုးနှုန်းမှ ပြား(၈၀)ဖြစ်ပါသည်။ (၆)လပြည့်ချိန် ၌ ချေးငွေ ပြန်ဆပ်ရပါသည်။ ကုန်းသာရွာတွင် သမချေးငွေအသင်းလည်း ရှိပါသည်။ မြတ်ကျွန်းသာ၊ ပတ်စ်မြန်မာ၊ မဟာ စသည့် ပြင်ပချေးငွေအဖွဲ့များမှလည်း ငွေထုတ်ချေးပေးပါသည်။ ထိုအဖွဲ့များ၏ အတိုးနှုန်းမှာ ၂ကျပ် ပြား၃၀ ဖြစ်ပြီး ကုန်းသာရွာ၏ လူမှုရေးကိစ္စများ၌ ငွေကြေးထောက်ပံ့ကူညီမှုများ ရှိပါသည်။ အမျိုးသမီးများ မီးဖွားသောကိစ္စနှင့် ရွာ၏ နာရေးကိစ္စများ၌ ငွေကြေးကူညီမှုများ ရှိပါသည်။

(င) **ပညာရေး**

ကုန်းသာကျေးရွာ၏ စာသင်ကျောင်းမှာ မူလတန်းအဆင့်ဖြစ်ပြီး ကျောင်းဆောင် (၃)ခု ရှိပါသည်။ ကျောင်းဆောင် (၂)ဆောင်မှာ နံကပ်ဖြစ်ပြီး ကျောင်းဆောင် (၁)ခုမှာ ထရံကာ သွပ်မိုး ဖြစ်ပါသည်။ စာသင်ကျောင်းဆောင်(၃)ခု၏ အကျယ်အဝန်းမှာ (၁၅၂၈၀)စတုရန်းပေ ကျယ်ဝန်းပါသည်။ စာသင်ကျောင်း၏ ဧရိယာ အကျယ်အဝန်းမှာ (၃၈၃၇၂)စတုရန်းပေ ကျယ်ဝန်းပါသည်။

ကုန်းသာကျေးရွာတွင် ကျောင်းအကျိုးတော်ဆောင်ကော်မတီ ဖွဲ့စည်းထားရှိပြီး ကော်မတီ၏ ဆောင်ရွက်မှုကြောင့် သန့်ရှင်းသပ်ရပ်သော စာသင်ကျောင်းကလေးအဖြစ် ရှိနေပါသည်။ ကုန်းသာ စာသင်ကျောင်းတွင် ကျောင်းသားနှင့် ဆရာမဦးရေ လုံလောက်မှု ရှိပါသည်။

ကုန်းသာကျေးရွာတွင် ဘွဲ့ရအမျိုးသား (၃၈)ဦးနှင့် ဘွဲ့ရအမျိုးသမီး (၅၉)ဦး ရှိပါသည်။ ကျေးရွာ တွင် အတန်းပညာပြီးမြောက်သူ (၆၃၀)ဦးရှိပြီး ဘွဲ့ရသူ ဦးရေထက် များပါသည်။ ရွာတွင် စာမတတ်သူ ကျား(၂)ဦးနှင့် မ(၁)ဦး ရှိကြပြီး အသက် (၄၀)ကျော်အရွယ်များ ဖြစ်ပါသည်။ ကုန်းသာ စာသင်ကျောင်း သည် မူလတန်းအဆင့်သာ ရှိသောကြောင့် အလယ်တန်းနှင့် အထက်တန်းကို ပန်းရံကျေးရွာသို့ သွားရောက်ပညာသင်ကြားရပါသည်။

(စ) **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကုန်းသာကျေးရွာ၏ ကျန်းမာရေးအနေနှင့် ရာသီဥတုကြောင့် ဖြစ်ပွားတတ်သော ရိုးရိုး တုပ်ကွေးဖျားသာလျှင် အဖြစ်များပါသည်။ ကုန်းသာကျေးရွာတွင် ဆေးပေးခန်းတည်ဆောက်ရန် အတွက် ကျေးရွာရှိ ငွေအင်အားတတ်နိုင်၍ စေတနာရှင်တောင်သူတစ်ဦးမှ ပေ(၁၀၀)ပတ်လည် မြေနေရာလှူဒါန်းထားပါသည်။ မြေနေရာရှိသော်ငြားလည်း ငွေကြေးအင်အားမတတ်နိုင်သော ကြောင့် ကျေးလက်ဆေးပေးခန်း မတည်ဆောက်ရသေးသဖြင့် ကျေးရွာ၏ လူနေအိမ်တစ်အိမ်တွင် ယာယီ ဆေးပေးခန်းအဖြစ် ဖွင့်လှစ်ကုသနေကြရပါသည်။

ကုန်းသာကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆရာမ ရှိသော်လည်း ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် ကလေးငယ်များ၊ ကျေးရွာသူ/ကျေးရွာသားများ၏ ကျန်းမာရေးကိစ္စများ ပြုစု စောင့်ရှောက်ရာတွင် နေရာအဆောက်အဦးမရှိသဖြင့် ဆေးကုရာတွင် အခက်အခဲများ ကြုံတွေ့ရ ပါသည်။ သို့ဖြစ်ပါ၍ ကျေးလက်ဆေးပေခန်း တည်ဆောက်ရန် လိုအပ်လျက်ရှိပါသည်။

ကုန်းသာကျေးရွာတွင် သောက်သုံးရေကို အများသုံးဖြစ်သော စက်တပ် အဝီစိတွင်းများမှ နေအိမ်အရောက် ပိုက်လိုင်သွယ်တန်း၍ အသုံးပြုကြပါသည်။ ကျေးရွာတွင် အများသုံးရေတွင်း ပေါင်း (၁၅)တွင်းရှိပြီး ရေတွင်းမရှိသော အိမ်ထောင်စုများမှာလည်း နီးရာရေတွင်းမှ ရေကို အဆင်ပြေသလို သယ်ယူအသုံးပြုကြပါသည်။ ကျေရွာတွင် ယင်လုံအိမ်သာရှိသော အိမ်ထောင်စု (၁၁၄)စုရှိပြီး ရေဆွဲ (၁)ဦးသာ ရှိပါသည်။ ယင်လုံအိမ်သာမရှိသော အိမ်ထောင်စု (၂၈)စုမှာလည်း နီးစပ်ရာ ဆွေမျိုးများနှင့် တွဲ၍ အသုံးပြုကြပါသည်။

ကုန်းသာကျေးရွာ၏ ပတ်ဝန်းကျင်သည် အသင့်အတင့် သန့်ရှင်းမှု ရှိသော်လည်း ကျေးရွာသူ ကျေးရွာသားများနှင့် ကလေးငယ်များတွင် အမှိုက်/စွန့်ပစ်ပစ္စည်းများ စနစ်တကျ စွန့်ပစ်ရေးကိစ္စ၌ အသိပညာဗဟုသုတ အမြင်အားနည်းမှုရှိပါသည်။

(ဆ) **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကုန်းသာကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှု နည်းပါးပါသည်။ တစ်ခါတစ်ရံ ရေကြီးရေလျှံခြင်း၊ ငလျင်လှုပ်ခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးမှု အနည်းငယ် တွေ့ရပါသည်။


(ဇ) **ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**

ကုန်းသာကျေးရွာ၏ အမျိုးသမီးအများစုမှာ ကောက်စိုက်ခြင်း၊ လယ်ပေါင်းနှုတ်ခြင်းနှင့် ယက္ကန်းလုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ ဘာသာရေး၊ လူမှုရေးကိစ္စရပ်များတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ကြပါသည်။ ရွာရှိ အမျိုးသမီး အများစုမှာ အကြမ်းဖက်မှုနှင့်ဆိုင်သော ဥပဒေရေးရာ အမြင့် အသင့်အတင့်ရှိပါသည်။

(ဈ) **လူငယ်ဖွံ့ဖြိုးရေး**

ကုန်းသာကျေးရွာရှိ လူငယ်များသည် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး၊ ဘာသာရေးနှင့် လုံခြုံရေးကိစ္စများ ဆောင်ရွက်ရာတွင် အသင့်အတင့် ပါဝင်မှုရှိပါသည်။ နှစ်သစ်ကူးကာလတွင်မူ ရွာတွင်းရှိ သက်ကြီးရွယ်အိုများကို ပစ္စည်း/ငွေကြေး ထောက်ပံ့ကန်တော့သည့် ဓလေ့ကို အစဉ်အလာ ယဉ်ကျေးစွာဖြင့် ထိန်းသိမ်းကြပါသည်။ အားလပ်ချိန်တွင်မူ လူငယ်အများစုမှာ ပိုက်ကျော်ခြင်းခတ်ကြ ပါသည်။

ရွာတော်အုပ်စု၊ကုန်းသာကျေးရွာ၊သယံဇာတမြေပုံ



၁၁။ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

ရွှေဘိုမြို့နယ်၊ ရွာတော်ကျေးရွာအုပ်စု၊ ကုန်းသာကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဦးစားပေးစီမံချက်	ဦးစားပေးအဆင့်
၁။	ကျန်းမာရေး	ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း	၁
၂။	အခြေခံအဆောက်အဦ	မီးသင်္ကြိုလ်စက်တည်ဆောက်ခြင်း	၂
၃။	အခြေခံအဆောက်အဦ	ရွာလယ်လမ်းမကြီး(၂)လမ်းအား ကျောက်ချောလမ်းခင်းခြင်း	၃
၄။	အခြေခံအဆောက်အဦ	ရွာအနောက်ဘက်ကုန်ထုတ်လမ်းအား ဂျင်းခင်းခြင်း	၄

ရွှေဘိုမြို့နယ်၊ကုန်းသာကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
၁။	ကျန်းမာရေးကုသရန် အခက်အခဲရှိခြင်း	ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိခြင်း	မြေနေရာ(၁၀၀')ပတ် လည်ရှိခြင်း၊ ငွေကြေး အနည်းငယ်ထည့်ဝင် နိုင်ခြင်း	ငွေကြေးမလုံလောက်ခြင်း၊ နည်းပညာလိုအပ်ခြင်း	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနသို့ တင်ပြဆောင်ရွက်ခြင်း	ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း
၂။	ရွာအစပ်လမ်းဘေး ကုန်းမြင့်တွင် သေဆုံးသူများအား မီးရှို့သင်္ကြိုလ်နေရခြင်း	မြေမြုပ်ရန် မြေနေရာ မရှိခြင်း	မီးသင်္ကြိုလ်စက်ထားရန် မြေနေရာရှိခြင်း	ငွေကြေးလိုအပ်ခြင်း	ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျေးရွာမှထည့်ဝင်ငွေရရှိရေး ဆောင်ရွက်ခြင်း	မီးသင်္ကြိုလ်စက်တည် ဆောက်ခြင်း
၃။	မိုးရာသီတွင်သွားလာရ ခက်ခဲခြင်း	မြေသားလမ်း ဖြစ်နေခြင်း	လုပ်အား/ငွေကြေး အနည်းငယ်ထည့်ဝင် နိုင်ခြင်း	ငွေကြေးမလုံလောက်ခြင်း၊ နည်းပညာလိုအပ်ခြင်း	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ တင်ပြဆောင်ရွက်ခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရပ်မိရပ်ဖ များဦးဆောင်၍ ရန်ပုံငွေရရှိရေး ဆောင်ရွက်ခြင်း	ရွာလယ်လမ်းမကြီး(၂)လမ်း အား ကျောက်ခြောလမ်း ခင်းခြင်း
၄။	မိုးရာသီတွင် ကုန်ပစ္စည်းများ သယ်ယူရာတွင် ခက်ခဲခြင်း	မြေသားလမ်းဖြစ်ခြင်း၊ လမ်းမကောင်းခြင်း	လုပ်အား/ငွေကြေး အနည်းငယ်ထည့်ဝင် နိုင်ခြင်း	ငွေကြေးမလုံလောက်ခြင်း၊ နည်းပညာလိုအပ်ခြင်း	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့တင်ပြဆောင်ရွက်ခြင်း	ရွာအနောက်ဘက် ကုန်ထုတ်လမ်းအား ကျင်းခင်းခြင်း(အကျယ်၁၂'' အရှည် ၁မိုင်ခွဲ)

file://E:\PC2\YDP_20-21_ကုန်းသာ_စာရွက်.docx__10

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၄	၇
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၈	၂၃	၄၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၂	၂၀	၃၂
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၃	၂၆	၃၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၁၈	၂၅၈	၄၇၆
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၄၃	၄၀	၈၃
စုစုပေါင်း		**၃၀၇**	**၃၇၁**	**၆၇၈**
စုစုပေါင်း အိမ်ထောင်စု		**၁၄၃**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်း၌ သက်ကြီးရွယ်နည်းပါးပြီး အလုပ်လုပ်နိုင်သည့် အရွယ်အများအပြား ရှိသည်ကို တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၉၁	၉၃	-	မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၈	၈	၉	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁၄	၁၇	၂၁	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၂	၁	မြင့် ☐ လတ်☐ နိမ့် ☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁		မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၃	၂	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၇	၇	၇	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း			၁	မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၂	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၁၉	မြင့် ☐ လတ်☑ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၁၁	မြင့် ☐ လတ်☑ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၇	၂၁	၁၁	☒
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၁၄၃	၁၅၂	၈၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"**ကဏ္ဍ

၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်း လယ်ယာစိုက်ပျိုးရေးကို အဓိကကိုယ်ပိုင်အများဆုံး လုပ်ကိုင်ကြပြီး အခြားလုပ်ငန်းများမှာ မွေးမြူရေး၊ လက်သမား၊ ယက္ကန်း၊ စက်ချုပ်၊ ဝပ်ရှော့လုပ်ငန်းများလုပ်ကိုင်လျှက်ရှိပါသည့် လုပ်ငန်းများအတွက် အလုပ်သမားရှားပါးမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	၅၀၀၀	-	၄၅၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	-	၆၀၀၀	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၇၀၀၀	၈၀၀၀	၅၀၀၀	၆၀၀၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်သော အမျိုးသားများ၏ လုပ်အားခနှုန်းထားအများဆုံး(၇၀၀၀)ကျပ်နှင့် အနည်းဆုံး(၅၀၀၀)ကျပ်ဖြစ်ပြီး ကုန်ထုတ်လုပ်ငန်း၊

ယက္ကန်းအတွက် တစ်ရက်လျှင် အမျိုးသမီး(၅၀၀)ကျပ်နှုန်း လက်သမားများအတွက်တစ်ရက်လျှင် (၇၀၀၀)ကျပ်နှုန်း၊ စက်ချုပ်လုပ်ကိုင်သူတစ်ရက်လျှင် အမျိုးသားများ(၇၀၀၀)ကျပ်၊ အမျိုးသမီးများ (၈၀၀၀)ကျပ်နှုန်းဖြင့် ရရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၃၆၆.၆၈	ကောင်း ☑	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၃၆၆.၆၈	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊

(၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကုန်းသာကျေးရွာ၏ လယ်ယာမြေစုစုပေါင်း ၃၆၆.၆၈ဧကရှိပါသည်။ ဥယျာဉ်ခြံ၊ ကိုင်း၊ ကျွန်း၊ ခနိတော၊ စားကျက်၊ မြေလွတ်မြေလပ်များမရှိကြောင်း တွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
ကျောက်မျက် စသည်။)		
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာနှင့်အနီး ပတ်ဝန်းကျင်တွင် သဘာဝအတိုင်း သဲများကို မူးထဲတွင် တွေ့ရပြီး သဘာဝအပင်မျိုးစိတ်များနှင့် တိရစ္ဆာန်မျိုးစိတ်များ မတွေ့ရှိရပါ။ ဆင်တုံးမန္တယ်၊ မြင်းခွါရွက်ပင်များ အနည်းငယ်တွေ့ရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၀	၇၀	၄၃	၂၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။အလွန်မပြေလည်သော အိမ်ထောင်စုများသည် မြေယာမဲ့များဖြစ်ပြီး ယက္ကန်းလုပ်ငန်းနှင့် ကျပန်းလုပ်ငန်းများကို လုပ်ကိုင်စားသောက်ကြသူများ ဖြစ်ပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၁၉	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၁၉_____ လုပ်အားခကြိုယူ = _____

ရင်းမြစ်.. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ဆင်းရဲသော အိမ်ထောင်စုများသည် ဝမ်းစာဖူလုံမှုအတွက် ငွေစုငွေချေးကုမ္ပဏီများမှ ချေးယူ၍ ဖြေရှင်းကြသည်ကို လေ့လာတွေ့ရှိရပါသည်။

(c–၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	–	–	
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	–	–	–
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	–		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	–		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	–		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၌ ကူညီစောက်ရှောက်မှု မရှိသောပုဂ္ဂိုလ်များ မရှိကြောင်း

လေ့လာတွေ့ရှိရပါသည်။

(၈-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ☑
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ☑
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မိုးခေါင်ခြင်းကြောင့် စိုက်ပျိုးရေရှားပါးမှုများဖြင့် ကြုံတွေ့ရပါသည်။ အခြားဘေးအန္တရယ်ဆိုင်ရာ ကိစ္စများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မိုးခေါင်ခြင်းကြောင့် ဆင်းရဲသားတောင်သူများ သီးနှံအထွက်လျော့ခြင်းကြောင့် စိုက်ပျိုးစရိတ်များ အကြွေးတင်ကျန်မှုများရှိခြင့်တို့ ထိခိုက်ခံစားရပါကြောင့် လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စ	အဖွဲ့အစည်း	အမျိုးအစား	အဖွဲ့ဝင်ဦးရေ	လုပ်ငန်းတာဝန်	စွမ်းဆောင်

ဦ	အမည်	(မှန်ရာတစ်ခုကိုသာ ရွေးရန်)	ကျား	မ	ပေါင်း	(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	ကျောင်းတော်မတီ	၁☐ ၂☑ ၃☐	၅	၃	၈	ပညာရေး ☑ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ မသင့် ☐
၂	မမွေစကူးလ်အဖွဲ့	၁☐ ၂☐ ၃☑	၁၀	၁၅	၂၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ မသင့် ☐
၃	လူမှုကူညီရေးအသင်းအဖွဲ့	၁☐ ၂☑ ၃☐	၇	၂	၉	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ မသင့် ☐
၄	ဂေါပကအဖွဲ့	၁☐ ၂☐ ၃☑	၅	-	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ မသင့် ☐
၅	အမျိုးသမီးအဖွဲ့	၁☐ ၂☑ ၃☐	-	၃၅	၃၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ မသင့် ☐
၆	မီးလင်းရေးကော်မတီအဖွဲ့	၁☐ ၂☑ ၃☐	၁၁	-	၁၁	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ မသင့် ☐
၇	ရပ်မိရပ်ဖအဖွဲ့	၁☐ ၂☑ ၃☐	၈	-	၈	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ မသင့် ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင့် အဖွဲ့အစည်းစုစုပေါင်း(၇)ဖွဲ့. ဖွဲ့စည်းထားရှိပြီး ဘာသာရေး၊ နာရေး၊ သာရေး၊ လူမှုရေးနှင့် ကျေးရွာဖွံ့ဖြိုးရေး၊ လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းထားရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	မြကျွန်းသာ	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	**Pact Myanmar**	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃	မဟာ	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄	အောင်ဇေယျ လူမှုကူညီရေး အသင်း	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☑ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ခမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်)**

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများနှင့် ဆက်နွယ်၍ ပုဂ္ဂလိကချေးငွေဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေး၊ မေးမြူရေးကဏ္ဍအတွက် ချေးငွေဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများ လူမှုရေးအတွက် ကူညီစောက်ရှောက်ပေးသော အဖွဲ့အစည်းများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၅၂	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၃၈	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂၄	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၂၆	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၃	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၄၃	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။သီးနှံထုတ်လုပ်ရေးအတွက် စိုက်ပျိုးမြေပိုင်ဆိုင်မှု မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု (၁၄၃)စုရှိပြီး ဆင်းရဲသားတောင်သူ(၃၈)စု၊ တောင်သူငယ်(၂၄)စု၊ တောင်သူလတ်(၂၆)စု၊

တောင်သူကြီး(၃)စုနှင့် မြေယာမဲ့(၅၂)စု အိမ်ထောင်စုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၃၆၆.၆၈	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်☑ မဖြေဆိုပါ□	ရှိ☑ မရှိ□ မဖြေဆိုပါ □
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်းရှိ ဆည်ရေသောက်ဧက (၃၆၆.၆၈)ဧကသည် စိုက်ပျိုးရေးအတွက် ရာသီအလိုက်သာ ရေရရှိပြီးစိုက်ပျိုးကြပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) **အဓိကသီးနှံများနှင့် အထွက်နှုန်း**

သီးနှံ	စုစု ပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ		
နွေစပါး	၃၆၆.၆၈	၁၀၀	၈၀	၁၂၀	၁၀၀	မတ်	ဇွန်	မြင့်☑ လတ်□ နိမ့်□	မြင့်□ လတ်☑ နိမ့်□
မိုးစပါး	၃၆၆.၆၈	၁၀၀	၆၀	၈၀	၇၀	ဇွန်	ဒီဇင်ဘာ	မြင့်☑ လတ်□ နိမ့်□	မြင့်□ လတ်☑ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မိုးခေါင်ခြင်းကြောင့် မိုးစပါးတွင် ရေရရှိသော်လည်း နွေစပါးတွင် ယခုနှစ်ရေမရရှိပါ။ ဖြုတ်ပိုးများကျရောက်ခြင်းကြောင့် ယခုနှစ်တွင် စပါးတစ်ဧကလျှင် အများဆုံး(၈၀)တင်းနှင့် အနည်းဆုံး(၆၀)တင်းထွက်ရှိပြီး အချို့မှာ လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှုကြောင့် အမြတ်ငွေရရှိမှုနည်းပါးပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်	၁၉			
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်	၁			
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်	၁၂			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၈			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင်မှုသည် လက်တွန်းထွန်စက်(၁၉)စီး ရိတ်သိမ်းခြွေလှေ့စက်(၁)စီး၊ ရေစုပ်စက်(၁၂)လုံး၊ မြတ်ရိတ်စက်(၈)လုံးရှိကြောင်း အခြားမရှိသော တောင်သူများသည် ငှားရမ်းလုပ်ကိုင်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
စိုက်ပျိုးရေး အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည် ☐ ရသည် ☑ မဖြေဆိုပါ ☐**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☑** **သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☐ မဖြေဆိုပါ ☐**
သဘာဝဗြေဆေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☐**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူ ရနိုင်သည်☑ ရနိုင်သည်☐ မဖြေဆိုပါ ☐**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူ ရနိုင်သည်☑ ရနိုင်သည်☐ မဖြေဆိုပါ ☐**
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐** **သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐**

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။သီးနှံအထွက်တိုးရန် စိုက်ပျိုးရေးကို ဆည်ရေသောက်၍ စိုက်ပျိုးခြင်း၊ မျိုးကောင်းမျိုးသန့်များကို အလွယ်တကူရရှိခြင်း တို့ကြောင့် သီးနှံအထွက်တိုးရန် အခွင့်အလမ်းများလည်း ရာသီအလိုက်ရရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐** **မဖြေဆိုပါ☐**
လယ်ယာမြေ အသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐** **လယ်ယာမြေဆုံးရှုံးမှုများသည် ☐** **လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐** **ပလပ်မြေများရှိသည် ☐** **ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☐**
စိုက်ပျိုးရေး အရင်းအမြစ်	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐**

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐**
သဘာဝဗြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐**
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐** **သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐** **မဖြေဆိုပါ ☐**
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	**ဆိုးရွားစွာကျ ☑ အသင့်အတင့်ကျ ☐ အနည်းငယ် ☐** **မဖြေဆိုပါ ☐**

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ရာသီဥတုမမှန်ကန်ခြင်းကြောင့် သီးနှံများ အထွက်လျော့၍ ပိုးမွှားများကျရောက်ခြင်းကြောင့် သီးနှံများ ချေးကွက်တွင်းချေးကောင်း မရရှိကြောင်းလေ့လာတွေ့ရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) **မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၂၅	၇၀
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
ဆိတ်		
သိုး		
ဝက်		
ကြက်		
ဘဲ		
နွားနောက်	၆	၇၀၀၀
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။တစ်နိုင်တစ်ပိုင်မွေးမြူရေးအတွက် နွားကောင်ရေ(၇၀)ကောင်နှင့် အိမ်ထောင်စု(၁၄)စု မွေးမြူကြပြီး၊ ဘဲကောင်ရေ(၇၀၀၀)ကောင်နှင့် အိမ်ထောင်စု(၆)စု မွေးမြူကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

